# လွမ်းရမဲ့ အတိတ်... ထွန်းညှိရမည့် မီးရှူးတိုင်...

**ဇော်ဝင်းအေး**

နတ်ဝတ်တန်ဆာပလာများဝတ်ဆင်ထားသောအမျိုးသမီးသည်ညှိုးငယ်နေသည့်ဟန်ပန်အမူအရာဖြင့်ရပ်လျှက်ရှိသည်။

ဦးခေါင်းထက်မှဝါရွှေရောင်အဆင်းနှင့်ဌာဒေါင်းငှက်ပုံဌာသျှောင်သည်နေရောင်အောက်တွင်တဖြတ်ဖြတ်လင်းလက်တောက်ပ နေသည်။

သူ့နောက်မှာ မြန်မာ့ထီး မွေနန်းမွေဖြစ်သောဦးကင်းရာဇပလ္လင်မှာထီးဖြူစိုက်လို့။ ထူးခြားသည်မှာ အမျိုးသမီးကို ကြိုးတုပ်ထားသည့်ဟန်ပြထားသည်။ မြန်မာပြည်ကိုကျွန်ပြုခံထားရသည့်သဘော၊ လွတ်လပ်မှု့ မရှိ၊ နယ်ချဲ့သမားတို့၏ အမျိုးမျိုး ဖိနှိပ်ချုပ်ချယ်မှုကို ခံနေရသည့်အသွင်ကို မြင်ယောင်လာစေသည်။

ထိုမြင်ကွင်းကိုမြင်သည့် မြန်မာ့ တိုင်းရင်း သားတိုင်း သည် “တကယ့်မိခင်အရင်းကို တိုင်းတပါးက ကြိုးတုပ်နှိပ်စက်နေပါလား တို့မခံဘူး” ဆိုသည့် တိုက်ပွဲဝင်လိုစိတ်များလည်း တပြိုင်တည်း ပေါ်ပေါက်စေသည်။ အမျိုးသမီးငယ်၏လက်ထဲတွင်အဝါ၊အစိမ်း၊အနီ သုံးရောင်ခြယ် ဒေါင်းအလံကိုကိုင်ထားသည်။ ထို၏နောက်တွင် ဆင့်ကဲဆင့်ကဲ လိုက်ပါနေသော လူအုပ်ကြီးမှာ ကြွေးကြော်သံတွေရေးထားသည့် ပိုစတာတွေရေးထားသည့် ပိုစတာတွေကိုင်ပြီး လျှောက်နေသည်။ ပညာရေး၊ နိုင်ငံရေး၊ အမျိုးသား စည်းလုံး ညီညွတ်ရေး တိုက်ပွဲများအတွက် တိုက်ပွဲဝင်ဖို့ လှုံ့ဆော်သည့် ကြွေးကြော်သံများဖြစ်သည်။

“အမျိုးသာရေး သွေးစည်းပါ၊ အရေးကြီး လာပြီ သိကြသိကြ၊ ”စသည့် ကြွေးကြော်သံများကို နှုတ်ဖျားတွင်သာမက ရင်ထဲနှလုံးထဲမှ ကြွေးကြော်ရင်း အမျိုးသားစည်းလုံညီညွတ်ရေး တည်ဆောက်ကြဖို့ မတရားလုယူထားခံရသည့် အမျိုးသားတိုင်းပြည် ပြန်လည်ရရှိအောင် ဆောင်ရွက်ကြဖို့ လှုံ့ဆော်ခဲ့ကြ သည်။ သူတို့အားလုံး၏ စိတ်ထဲတွင်ကား မိခင်တိုင်းပြည်ထွတ်လပ်ဖို့၊ မိမိတို့အမျိုးသားတိုင်း လွတ်လပ်သော လူမျိုး၊ နိုင်ငံသားဖြစ်ဖို့ရန် ဆန္ဒကလွဲ၍ အခြားမရှိ။

ထိုမြင်ကွင်းကား လွတ်လပ်ရေးမရမှီ အမျိုးသားကျောင်းများမှ တန်ဆောင်မုန်း လဆုတ်(၁၀)ရက် ရောက်တိုင်း ခြိမ့်ခြိမ့်သည်း ကျင်းပကြသော အမျိုးသားအောင်ပွဲနေ့ အခမ်းအနားပင်ဖြစ်သည်။

မြန်မာပြည်တွင် အမျိုးသားနေ့ထူးနေ့မြတ်ကို အင်္ဂလိပ်နယ်ချဲ့လက်အောက်၌ပင် စတင်ကျင်းပခဲ့သည်။ အင်္ဂလိပ်ပြေး ဂျပန်ရောက်လာသည်။ ဂျပန်ပြေးတော့ အင်္ဂလိပ်ပြန်ရောက်လာသည်။ နောက် ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သည့် အမျိုးသား အာဇာနည်များ၏ကျေးဇူးကြောင့် လွတ်လပ်ရေးရခဲ့သည်။ ဆာပေါ်ထွန်းအစိုးရ၊ ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သည့် ဘုရင်ခံအမှုဆောင်အဖွဲ့အစိုးရ၊ ၁၉၄၈ ခု လွတ်လပ်ရေးရပြီး ဖဆပလ အစိုးရ၊ အိမ်စောင့်အစိုးရ၊ ထိုမှ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ခေါင်းဆောင်သည့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် အစိုးရ စသည့် အစိုးရတွေ ဆင့်ကဲဆင့်ကဲ ပြောင်းခဲ့ပါသည်။ အမျိုးသားအောင်ပွဲနေ့ကတော့ နှစ်စဉ်ကျင်းပမြဲဖြစ်သည်။ မားမား မတ်မတ်ရပ်တည်လျှက်။ အနှစ်သာရကတော့ အနည်းနဲ့အများ ပြောင်းလဲခဲ့ရသည်။

အမျိုးသားအောင်ပွဲနေ့ မည်သို့ပေါ်ပေါက်လာသလဲတိုတာ မိမိသိရှိသလောက် မျှဝေချင်ပါတယ်။ လွတ်လပ်ရေး ရပြီးနောက်ပိုင်း အမျိုးသားအောင်ပွဲနေ့ ဆိုတာလောက်ပဲ သိကြတော့သည်။ ၁၉၄၇ ခု ဩဂုတ်လ (၁) ရက်နေ့ ကစပြီး အမျိုးသားကျောင်းများသည် အစိုးရကျောင်းတွေဖြစ်သွားပါသည်။ ဒီတော့ အမျိုးသားကျောင်းများ ဘဝတုန်းကကဲ့သို့ အမျိုးသားနေ့ အခမ်းအနားကျင်းပသည့်အခါ စိတ်ဝင်တစား ကျင်းပတော့မည် မဟုတ်တော့။

စစ်ကြိုခေတ်ကတော့ အမျိုးသားအောင်ပွဲနေ့ကို အဓိကထားပြီး တခမ်းတနား ကြီးကြီးကျယ်ကျယ် ကျင်းပကြသည်။ ရည်ရွယ်ချက်ကတော့ “နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓါတ်တွေ တဟုန်းဟုန်း တောက်လောင်လာအောင်၊ တစ်မျိုးသားလုံး သွေးစည်းညီညွတ်လာအောင်၊ တစ်မျိုးသားလုံးက အရိုးကျေကျေ အရေခန်းခန်း လွတ်လပ်ရေးတိုက်ပွဲမှာပါဝင်လာအောင် စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပခဲ့ခြင်းဖြစ်သည်။

နယ်ချဲ့တွေ လက်အောက်မှာတုန်းကတော့ အမျိုးသားနေ့သည် တိုင်းပြည်လွတ်လပ်ရေး တိုက်ပွဲအတွက် အင်မတန်မှအရေးကြီးသည်။လွတ်လပ်ရေးရပြီးတော့ ဒီအမျိုးသား အောင်ပွဲနေ့သည် လုပ်ရိုးလုပ်စဉ်ပွဲ အဆင့်သို့ ကူးပြောင်းခဲ့သည်ဟုထင်မိပါသည်။ စစ်အစိုးရ လက်ထက်တွင်တော့ သာမန် တနင်္ဂနွေနေ့ ရုံးပိတ်ရက်လို သဘောထားလာခဲ့သည်။ နှစ်ပရိစ္ဆေဒ ကြာသွားလျှင် တိမ်ကောပျောက်ကွယ်ပေလိမ့်မည်။

အမျိုးသားအောင်ပွဲနေ့ ဖြစ်ပေါ်လာပုံကို အကျဉ်းချုပ်ပြရလျှင်....အချိန်က ၁၉၂၀ ပြည့်နှစ် တက္ကသိုလ်၏အဓိပတိက မြန်မာပြည်ဘုရင်ခံ ဆာရယ်ဂျီနယ်ကရက်ဒေါက်။ ဒု အဓိပတိက မစ္စတာရောဘတ်စစ်ဒနီဂီးစ်။ တက္ကသိုလ်ကျောင်းအုပ်ကြီးက မစ္စတာအာရ်အယ်ဟောင်းဝပ်ဖြစ်ပြီး ပထမဆုံး မော်ကွန်းထိမ်းက မစ္စတာဒီဒဗလျူအိန်လေ ဖြစ်သည်။ ထိုကာလတွင် ရန်ကုန် ယူနီဗာစီတီ

အက်ဥပဒေကို အကြောင်းပြုပြီး အမျိုးသားအောင်ပွဲနေ့ ဖြစ်လာရပါသည်။ ၁၉၂၀ ပြည့်နှစ်မှာ ယူနီဗာစီတီ အက်ဥပဒေပြဋ္ဌာန်းချက်တွေထဲက တချို့အချက်အလက်တွေကို ပြင်ဆင်ပေးဖို့ တက္ကသိုလ်ကျောင်းသားတွေက တောင်းဆိုကြသည်။

ကျောင်းသားများ၏ တောင်းဆိုချက်ကို အဓိပတိက လစ်လျူရှုခဲ့သည်။ ထို့ကြောင့် ကျောင်းသား (၁၁) ဦး ကော်မတီကရှေ့ဆောင်ရှေ့ရွက်ပြုပြီး (၂၆) ဦးကော်မတီအထိ တိုးချဲ့ဖွဲ့စည်းလိုက်သည်။ အစိုးရ၏လစ်လျူရှုမှုကြောင့် ဒီ (၂၆) ဦးကော်မတီ ဦးဆောင်ပြီး “ ၁၉၂၀ ပြည့် ဒီဇင်ဘာ (၄)ရက်နေ့၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀)ရက်နေ့၌ ရန်ကုန်တက္ကသိုလ်ကျောင်းသားများက သပိတ်စတင်မှောက်ခဲ့ကြသည်။

ပထမဆုံးသော ဥပဒေဘောင်အတွင်းမှ လက်နက်မဲ့စစ်ပွဲငယ်တစ်ခု ကြေငြာခဲ့ခြင်းပင်။ ပထမကျောင်းသားသပိတ်သည် အင်္ဂလိပ်နယ်ချဲ့လက်အောက် ကျွန်ဘဝရောက်ခဲ့သည့် ကာလမှာ မြန်မာပြည်သူ တစ်ရပ်လုံးက ပထမဆုံးနယ်ချဲ့သမားကို လက်နက်မဲ့စစ်ပွဲငယ် ကြေငြာခြင်း၊ ပထမဆုံး နိုင်ငံရေးအသိအမြင် နိုးကြားလာခြင်း မှတ်တိုင်ပင်ဖြစ်ခဲ့လေသည်။

အစတွင်ကျောင်းသားများက ပညာရေးစနစ်သစ်ကို တောင်းဆိုရာက မရသဖြင့် ပညာရေးသပိတ်မှောက်သည်။ ထိုပညာရေးသပိတ်မှ အမျိုးသားနေ့ဖြစ်လာသည်။ ပထမဆုံးကျင်းပခဲ့သူများမှာ ကျောင်းသားများဖြစ်သည်။ နောက်မှ ကျောင်းသားများနှင့် နိုင်ငံရေးသမားများ ပေါင်းမိကာ တို့ဗမာအစည်းအရုံးခေတ်တွင် အမျိုးသားနေ့ကို တို့ဗမာအစည်းအရုံးမှ ဦးစီးလုပ်ဆောင်လာခဲ့သည်။ အမျိုးသားနေ့ စင်မြင့်ကနေပြီး နိုင်ငံရေးလှုပ်ရှားမှုများကိုလည်း အခွင့်သာလျှင် သာသလို လုပ်ဆောင်ခဲ့သည်။

အမျိုးသားနေ့ကိုဖြစ်ပေါ်စေသော ကျောင်းသားသပိတ်သည် တက္ကသိုလ်ကျောင်းသားများ၏ ပညာရေးလှုပ်ရှားမှုသာဘဲ မဆိုနိုင်ချေ။ အဘယ်ကြောင့်ဆိုသော် ထိုလှုပ်ရှားမှုမှတဆင့် နိုင်ငံရေးနိုးကြားမှု ပျံ့နှံ့လာပြီး မြန်မာတမျိုးသားလုံး လွတ်မြောက်ရေးမုခ်ဦးဆီသို့ ဦးလှည့်သွားစေခဲ့ပါသည်။ တမျိုးသားလုံး၏ နယ်ချဲ့ဆန့်ကျင်ရေးစိတ်ကို ပိုမိုနိုးကြားစေခဲ့သည်။ တက်ကြွစေခဲ့သည်။ ပိုမိုပြင်းထန် ထက်မြက်လာစေခဲ့သည်။ အက်ဥပဒေအတွင်း တိုက်ပွဲပုံစံ အဆင့်ဆင့်ကနေပြီး လက်နက်ကိုင်တိုက်ပွဲ တော်လှန်ရေးအသွင်ကို လမ်းခင်းဖန်တီးပေးခဲ့သည်။ ထိုနောက် လုံးဝလွတ်လပ်ရေးရခဲ့သည်။

ထိုကျောင်းသားသပိတ်နှင့်ပတ်သက်၍ မောရစ်ကောလစ် ( Maurice Collin) က သူ၏စာအုပ် Last and First in Burma ၌ “ မြန်မာနိုင်ငံသမိုင်းတွင် ၁၉၂၀ ပြည့်နှစ် နိုင်ငံရေးလှုပ်ရှားမှု သမိုင်းမပေါ်ပေါက်ခဲ့လျှင် မြန်မာနိုင်ငံ လွတ်လပ်ရေးရရန် ထိုမျှစောလိမ့်မည်မဟုတ် ”ဟု ရေးသားမှတ်ချက်ပြုခဲ့သည်။ အမျိုးသားနေ့ကို ဖြစ်ပေါ်စေသော ကျောင်းသားသပိတ်၏ ကဏ္ဍသည် ဤကဲ့သို့အရေးပါခဲ့သည်။

အမျိုးသားနေ့ ဘယ်လိုဖြစ်ပေါ်လာသနည်း ဆိုသည့်အကြောင်းကို နေရှင်နယ်ဦးမြင့်

(ဘီအေ–ဂုဏ်ထူး) (အမျိုးသားပညာဝန်ထောက်ဟောင်းနှင့် သာသနာပြုဓမ္မကထိက) က ၁၉၇၀ ပြည့်နှစ်တွင် ထုတ်ဝေသော အမျိုးသားနေ့ ရွှေရတုသဘင် အထိမ်းအမှတ် စာစောင်တွင် ဤသို့ဖော်ပြထားခဲ့ပါသည်.....

အဲဒီလို အမျိုးသားပညာရေးကိစ္စကို အကြောင်းပြု၍ တစ်တိုင်းပြည်လုံး၊ တစ်မြို့လုံးအုံးအုံးကျွက်ကျွက် ညီညီညွတ်ညွတ် မေတ္တာဂရုဏာ တရားများ လွှမ်းမိုးနေစဉ် ၁၉၂၀ ပြည့် အောက်တိုဘာလ (၁၈၈၃ ခုနှစ် သီတင်းကျွတ်လ) ရောက်သောအခါ နဝမမြောက် ဂျီစီဘီအေ (အမျိုးသားပေါင်းချုပ်) ကွန်ဖရင့်ကြီးဟာ ဂျီစီဘီအေ သမိုင်းမှာ အကြီးဆုံး၊ အစည်ကားဆုံး၊ အခမ်းနားဆုံးဖြစ်ခဲ့ပါတယ်။

အမြို့မြို့အနယ်နယ်မှ ကိုယ်စားလှယ်များ တက်ရောက်ကြပါတယ်။ အစည်းအဝေး သဘာပတိအဖြစ် ဒီပဲယင်းဝန်ထောက် ဦးမြဲကဆောင်ရွက်ပါတယ်။ ဒုတိယ ဦးချစ်လှိုင်က ဆောင်ရွက်ပါတယ်။

အစည်းအဝေးကြီးရဲ့ ညှိခံမဏ္ဍပ်က စည်တော်ရွှန်းလျက် ကြိုဆိုပါတယ်။ အချို့သော သက်ရွယ် ကြီးရင့်သူများ မြန်မာဘုရင်များခေတ်ကို လွမ်းဆွတ်တမ်းတ သတိရမိပြီး မျက်ရည်ကျကြပါတယ်။ ထိုကွန်ဖရင့် ကြီးမှာ ပညာရေး၊ စီးပွားရေး၊ ညီညွတ်ရေး၊ လွတ်မြောက်ရေး စသောအကြံပေးချက်၊ အဆိုတင်သွင်းချက်များအနက်အမျိုးသားနေ့ ကိစ္စသတ်မှတ်ဖို့ ပေါ်လာပါတယ်။အမျိုးသားနေ့သတ်မှတ်ရေးကိစ္စကို တိုင်ပင် ဆွေးနွေးတဲ့အခါ သူရိယသတင်းစာ ဦးတုတ်ကြီးက သီပေါဘုရင်နန်းကျတဲ့နေ့ကို သတ်မှတ်ဖို့၊ ပျဉ်းမနား အေလာ ဦးဒွေးက ဦးဥတ္တမ ထောင်ကျသောနေ့ကို သတ်မှတ်ဖို့ အကြံပေးကြပါတယ်။

အဲဒီအခါ ဦးမြင့်က ရန်ကုန်တက္ကသိုလ် “သပိတ်ကိုယ်စားလှယ်” အနေနဲ့ အကြံပေးပါတယ်။ နန်းကျတဲ့နေ့၊ ထောင်ကျတဲ့နေ့များဟာ မင်္ဂလာမရှိပါ။ အမင်္ဂလာဖြစ်ပါတယ်။ ဇမ္ဗူဒီပါ လက်ယာတောင်ကျွန်း ဩဘာနိမိတ်ထွန်းဆိုတဲ့ ရှေးသူကောင်းတို့ရဲ့ စကားအတိုင်း မင်္ဂလာရှိတဲ့နေ့ကို ရွေးချယ်သတ်မှတ်ဖို့ သင့်ပါတယ်လို့ အကြံပေးစကားပြောကြားခဲ့ပါတယ်။

အဲဒီနောက် ဦးမြင့်ကဆက်ပြီး တက္ကသိုလ် အက်ဥပဒေကို သပိတ်မှောက်တဲ့ကိစ္စဟာ အင်္ဂလိပ်ခေတ်မှာအင်္ဂလိပ်ဩဇာအာဏာဥပဒေကိုပထမဆုံးတော်လှန် ပုန်ကန်တဲ့ ကိစ္စဖြစ်ပါတယ်။ အကျကိစ္စမဟုတ်အတက်ကိစ္စဖြစ်ပါတယ်။အစုန်ကိစ္စမဟုတ်အဆန်ကိစ္စဖြစ်ပါတယ်။ တနိုင်ငံလုံးကို ဝံသာနု ရက္ခိတတရား ထွန်းကားစေတဲ့ ကိစ္စဖြစ်ပါတယ်။ အဲဒီ အကြောင်းအကျိုးတရားများကို ထောက်ထားဆင်ခြင်ပြီး ကျောင်းသားသပိတ်မှောက်တဲ့နေ့ကို အမျိုးသားနေ့ အဖြစ်ရွေးချယ် သတ်မှတ်ရန် အဆိုတင်သွင်းခဲ့ပါသည်။

ထို ဂျီစီဘီအေ ကွန်ဖရင့်ကြီးမှာ အမျိုးသားနေ့ကို မသတ်မှတ်ဘဲ ချန်ထားလို့ အမှုဆောင်လူကြီး (၃၅)ယောက် ရန်ကုန်မြို့ကို ပြန်ရောက်တော့မှ ကျောင်းသားများ သပိတ်မှောက်တဲ့နေ့ကို ရွေးချယ်သတ်မှတ်ပြဋ္ဌာန်းကြပါတယ်။

၁၉၃၀ ပြည့်နှစ်မှာ အမျိုးသားနေ့ကို  အစိုးရဂေဇက်ဝင် ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက် အဖြစ် သတ်မှတ်ပြဌာန်းပါတယ်။ အဲဒီလို မှတ်သားခဲ့ဘူးပါတယ်။

သပိတ်မှောက်တဲ့နေ့က ရေတွက်ရင် ၁၉၄၈ ဇန္နဝါရီ (၄)ရက် ထိ (၂၇)နှစ်နဲ့တလတိတိ ကြာပါတယ်။ အဲဒီ အချိန်မှုလောက်နဲ့ လွတ်လပ်ရေး ရတဲ့နိုင်ငံက ကမ္ဘာ့ရာဇဝင်မှာ မရှိခဲ့ပါဘူး။ ဒါကြောင့် အမျိုးသားနေ့ကို လွတ်လပ်ရေးအတွက် အုတ်မြစ်ချတဲ့နေ့လို့ တိုင်းပြည်က အသိအမှတ် ပြုထားပါတယ်။

နေရှင်နယ် ဦးမြင့်၏ဖေါ်ပြချက်နဲ့ ထိုစာစောင်တွင် သခင်တင်ဦး၏ ဆောင်းပါးမှ ဖေါ်ပြချက်မှာ အနည်းငယ် ကွဲလွဲချက်ရှိပါတယ်။ ၁၉၃၄ တွင် ပညာရေးဝန်ကြီးဖြစ်လာသော ဒေါက်တာဘမော်သည် အမျိုးသားနေ့၌ ကျောင်းများပိတ်ရန် အမိန့်ချခဲ့သည်။
ထို့ကြောင့် ဦးမြင့် ရေးသားချက်နဲ့ (၄)နှစ်တိုင် ကွာခြားမှု့ရှိခဲ့ပါတယ်။

နောက်တခုမှာ နိုင်ငံရေးအသွင်ကို အသုံးချတတ်သော ဒေါက်တာဘမော်သည် ၁၉၃၇ ခုနှစ် သူ ဝန်ကြီးချုပ်ဖြစ်လာသောအခါ ရုံးပိတ်ရက် အဖြစ်သတ်မှတ်လိုက်၍ အမျိုးသားနေ့မှာ အမျိုးသားအားလုံး စုပေါင်းကျင်းပနိုင်ခဲ့ပါတော့သည်။

မြန်မာနိုင်ငံ၏ အမျိုးသားနေ့နှင့် ကမ္ဘာပေါ်ရှိ အခြားနိုင်ငံများ၏ အမျိုးသား အောင်ပွဲ နေ့များမှာ အဓိပ္ပါယ်သဘောခြင်း ခြားနားပါတယ်။ အခြားနိုင်ငံများမှာ လွတ်လပ်သည့်နေ့ကို အမျိုးသားနေ့ အဖြစ်သတ်မှတ်ပြီး ကျွန်တော်တို့တိုင်းပြည်မှာ ဤအမျိုးသားနေ့သည် ဗွေဆော်ဦးနှင့် အပြောင်မြောက်ဆုံး၊ အရဲရင့်ဆုံး တိုက်ပွဲ စတင်ခဲ့သည့်နေ့ဖြစ်ပြီး တမျိုးသားလုံး၏ မိမိတို့လွတ်လပ်မှု့ အတွက် စတင်နိုးကြားလာမှု့ကို အုတ်မြစ်ချနိုင်ခဲ့သောကြောင့် လွတ်လပ်ရေး၏ အကြိုအောင်ပွဲဟု သဘောထားကာ အမျိုးသားနေ့အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

ယ္ခုအချိန်မှာ ကျွန်တော်တို့အနေနဲ့ မလွမ်းသင့်တဲ့ အတိတ်ကို မလွမ်းသင့်ပေမဲ့ အမှတ်တရ သယ်ဆောင် လက်ဆင့်ကမ်းသင့်တဲ့ သမိုင်းမှတ်တိုင် နေ့ရက်များကို ပြန်လည်အောင်းမေ့ပြီး မိမိတို့လူမျိုးတိုင်း မှန်ကန်တဲ့လွတ်လပ်မှု့ရရှိစေမဲ့ ခံစားစေမဲ့ အမျိုးသားရေးစိတ်ဓါတ်ကို မွေးမြူရင်း မိခင်တိုင်းပြည်ကို လွတ်လပ်မှု့ရရှိစေရန် ကြိုးပမ်းမှု့ကို တမျိုးသားလုံး ညီညွတ်စေမယ့်နေ့အဖြစ် ပုံဖေါ်ပေးခဲ့တဲ့ အမျိုးသားနေ့အောင်ပွဲ မီးရှူးတိုင်ကို ပြန်လည်ထွန်းညှိပေးရန် မလွဲမသွေ လိုအပ်ပါတယ်။

****************************** **ဇော်ဝင်းအေး**

ကိုးကားချက်။ ။လူထုဦးလှ (သတင်းစာဆရာ၊ စာရေးဆရာ)
လူထုဒေါ်အမာ (သတင်းစာဆရာ၊ စာရေးဆရာ)
ဦးမြင့် (မော်ကွန်းတင်စာတမ်း)
သခင်တင်ဦး (ကျောင်းနှင့်ရုံးပိတ်ရက်ရပုံ)